Funded by:

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၃

## အားလုံးအတွက်သင်ယူမှုရလဒ်များကိုစီစဉ်ရေးဆွဲခြင်း

Implemented by:

# သင်ရိုးပိုင်း ၃ - အားလုံးအတွက်သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ဖန်တီးနိုင်ကြောင်း ကြည့်ရှုသည့် **သင်ရိုးပိုင်း ၁၅ ခုမှ တတိယပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေးအလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ပညာရေး လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ဦးဆောင်အဖွဲ့များနှင့် ဆရာအတတ်သင်ဆရာ/မများအတွက် ဖြစ်ပါသည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | **အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း** |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းများမေးခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

## သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေအားလုံး ဂျာနယ်တွင် ရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အပိုင်းဖြစ်ကြောင်း၊ လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာန ကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရောက်သူများ၏ ယုံကြည်ချက်နှင့် သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်းအသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျှက် ၎င်းတို့လုပ်နိုင်သည့် နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက်ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၃ - သင်ယူမှုရလဒ်များ

| |
|---|
| **ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။** |
| **၁. သင်ယူမှုရလဒ်ကောင်း၏အင်္ဂါရပ်များကို အနှစ်ချုပ်ခြင်း** |
| **၂. တွေးခေါ်မှုလုပ်ရပ်ကိုပြသည့် ကြိယာများကို သိရှိသတိပြုခြင်း** |
| **၃. အတွေးအခေါ်အနိမ့်အမြင့်ခွဲခြားခြင်း** |
| **၄. တွေးခေါ်မှုလုပ်ရပ်ပြကြိယာများသုံးလျက် သင်ယူမှုဦးတည်ချက်များကို ရေးသားခြင်း** |
| **၅. လုပ်ဆောင်ချက်ကို သင်ယူမှုအဆင့်ငယ်များအဖြစ် ခွဲခြမ်းခြင်း** |
| **၆. အဆင့်ဆင့်သင်ယူမှုကိုသုံးသည့် သင်ခန်းစာအစီအစဉ်ဆွဲခြင်း** |

ယခင် သင်ရိုးပိုင်း ၂ သည် သင်ယူသူများကိုသိရှိခြင်းနှင့် အာရုံအမျိုးမျိုးဖြင့်သင်ယူမှုအတွက်ချဉ်းကပ်မှုများကိုသုံးခြင်း၏ သက်ရောက်မှုတို့ကို အာရုံစိုက်ခဲ့ပါသည်။ သင်တန်းသူ/သားများ ၎င်းတို့အတွေ့အကြုံနှင့်အသိပညာအပေါ် ပြန်လည်သုံးသပ်ကာ တပည့်များ၏ သင်ယူမှုလိုအပ်ချက်အား ပိုမိုထိရောက်စွာနားလည်နိုင်စေရေးအတွက် တပည့်များအားလုံးအကြောင်းကိုသိရန် ယင်းသင်ရိုးပိုင်းက အားပေးခဲ့ပါသည်။

ဤတတိယသင်ရိုးပိုင်းသည် သင်ယူသူအားလုံး ပေါက်မြောက်အောင်မြင်စေရန် ထိရောက်သော သင်ယူမှုရလဒ်များ လိုအပ်ကြောင်းမိတ်ဆက်ပေးပါသည်။ သင်ယူသူများသည်ယခင်နှင့်ယခုအသိပညာအပေါ်မည်ကဲ့သို့ဆင့်ပိုးတည်ဆောက်ကြောင်း ရှင်းပြရန် သင်ယူမှုကို အဆင့်ဆင့်ခွဲခြားပေးပါသည်။ အားလုံးအကျုံးဝင်သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်းနှင့် အဆင့်ဆင့် သင်ယူမှုကို စီစဉ်ခြင်းတို့ ပါဝင်ပါသည်။

## သင်ရိုးပိုင်း ၃ မှ လုပ်ဆောင်ချက်များအတွက်နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ဤပထမလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၂ ကို ထပ်လောင်းစစ်ဆေးခြင်းဖြစ်ပါသည်။ ယခင် သင်ရိုးပိုင်းအကြောင်းအရာများကို ပြန်နွှေးပေးပြီး ဤသင်ရိုးပိုင်းအတွက် ပြင်ဆင်ရာတွင် အရေးကြီးသည့် အချက်များကို ပြန်လည်မှတ်မိစေရန် အထောက်အကူပြုပါသည်။ ပထမအကြိမ် လုပ်ကြည့်ပြီးလျှင် အဖြေစစ်ရန် ပထမသင်ရိုးပိုင်းကို ပြန်ရည်ညွှန်းရန် အကြံပြုပါ။<br>တပည့်များကိုသိကျွမ်းရန် သင်ရိုးပိုင်း ၂ မှ သင်ယူထားသည်များအား အသုံးပြုနည်းများကို ဆွေးနွေးပါ။ မိမိ၏သင်ယူမှုသည် သင်ကြား/သင်ယူမှုအပေါ် မည်ကဲ့သို့ သက်ရောက်ခဲ့ပါသနည်း။ |
| နိဒါန်း | 'အားလုံးအကျုံးဝင်သည့်သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်းနှင့်အဆင့်ဆင့်သင်ယူမှု' ကို မည်ကဲ့သို့ နားလည်ကြောင်း မေးမြန်းပါ။ ဘာကိုရှာဖွေလိုပါသနည်း။ သင်ရိုးပိုင်း တစ်လျှောက် ဆွေးနွေးလိုသည့်မေးခွန်းများ ရေးသားပါ။ သင်တန်းသူ/သားတို့ ဆွေးနွေး လိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ ရှိကောင်းရှိပါမည်။ ဥပမာ သင်ယူမှုရလဒ်၊ သင်ယူမှု ဦးတည်ချက်နှင့် ပန်းတိုင်တို့အကြားခြားနားချက် |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ပထမအကြိမ် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | အချို့သင်တန်းသူ/သားများ မိမိကိုယ်မိမိစစ်ဆေးရာတွင် ရိုးရိုးသားသား ဖြေရန် အားပေးမှု လိုအပ်နိုင်ပါသည်။ ယခုသင်ရိုးပိုင်းသည် အားလုံးအကျုံးဝင်အလေ့အကျင့်အကြောင်း သင်ရိုးပိုင်း ၁၅ ခုမှ အစပိုင်းသာဖြစ်ကြောင်း၊ အချိန်ကြာမြင့်လာသည်နှင့်အမျှ ၎င်းတို့၏ နားလည်မှုနှင့် ယုံကြည်မှုတို့ တိုးပွားလာပါလိမ့်မည်ဖြစ်ကြောင်း အသိပေးထားပါ။ ဤစစ်ဆေးအကဲဖြတ်မှု ရလဒ်ကို နောက်ထပ်မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း ရလဒ်နှင့် သင်ရိုးပိုင်း ၃ အဆုံး၌ နှိုင်းယှဉ်ခြင်းဖြင့် သင်တန်းသူ/သားများသည် ၎င်းတို့၏ သင်ယူမှုအား နှိုင်းယှဉ်သုံးသပ်စေနိုင်ပါမည်။ |
| အပိုင်း ၂ - သင်ယူမှုရလဒ်များ (သင်တန်းသူ/သားတို့ ဘယ်အဆင့်ရောက်နေပါသနည်း) | (မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ရာတွင်) သင်ယူမှုရလဒ်များကို ၎င်းတို့မည်မျှ အသုံးပြုကြောင်း သင်တန်းသူ/သားတို့ တွေးတောပြီးလျှင် သင်ခန်းစာပို့ချရာ၌ သင်ကြားသင်ယူမှု အရည်အသွေးကွာခြားမှု ရှိမရှိကို ဆွေးနွေးလျှင် စိတ်ဝင်စားဖွယ်ကောင်းပါလိမ့်မည်။ ဆရာ/မတို့ ပိုမိုကောင်းမွန်စွာ ပြင်ဆင်ထားသည်ဟု ခံစားရပါသလား။ တပည့်များအတွက် လုပ်ဆောင်ဖွယ်များ ရှင်းပါသလား။ သင်ယူမှုရလဒ် မပါသည့် သင်ခန်းစာနှင့်ယှဉ်ကြည့်လျှင် အရည်အသွေး မည်သို့ရှိပါသနည်း။ |
| လုပ်ဆောင်ချက် ၃.၁<br>SMART သင်ယူမှုရလဒ်များ | သင်တန်းသူ/သားများကို ဇယားတစ်ခုဆွဲစေပြီး အတိုကောက်စာလုံး SMART (တိကျသော၊ တိုင်းတာနိုင်သော၊ ရရှိနိုင်သော၊ ဆီလျော်သော၊ အချိန်ကိုက်သော) ကို အကျဉ်းရှင်းလင်းဖော်ပြစေပါ။ ထိရောက်သောသင်ခန်းစာများ ပြင်ဆင်နိုင်စွမ်း တိုးတက်စေရာတွင် အသုံးဝင်ပါမည်။<br>သင်တန်းသားစာအုပ်မှ ဥပမာများကို အုပ်စုဖွဲ့ဆွေးနွေးရာတွင်သုံးပါ။ အဓိပ္ပါယ် ဖွင့်ဆိုချက်များကို သုံးပြီး SMARTဖြစ်သော သင်ယူမှုရလဒ်များဟုတ်မဟုတ် ဆွေးနွေးဆုံးဖြတ်ကြပါစေ။ အကြောင်းပြစေပြီးSMARTမဖြစ်သည့်ရလဒ်များကို ပိုကောင်းအောင် လုပ်သည့်နည်းများအကြံပြုစေပါ။<br>ထို့နောက် စာအုပ်ထဲမှ အဖြေများဖတ်စေပြီး ၎င်းတို့ပေးထားသည့်အကြံနှင့် စာအုပ်ထဲမှ အကြံတို့ နှိုင်းယှဉ်ကြပါစေ။ |
| ၂.၁.၄ | SMART သင်ယူမှုရလဒ်ပိုင်းမှ အဆင့် ၇ ဆင့်ကို အတန်းမစမီ ကြိုတင်ဖတ်ထားစေနိုင်ပါသည်။ သင်တန်းသူ/သားတို့သည် အတန်းဖော်များနှင့်အတူ သင်ခန်းစာအကြောင်း တွေးရန် အချိန်ရပါမည်။ ဖတ်ပြီးလျှင် ဆွေးနွေးချိန်ပေးပါ။ မေးခွန်းစကားလုံးများ အသုံးဝင်ပါသလား။<br>သင်ခန်းစာများအတွက် ရလဒ်ပေါင်းများစွာ စီစဉ်သည့်အခါ ဤအချက်အလက်တို့ကို မည်ကဲ့သို့ စီမံခန့်ခွဲနိုင်ပါမည်နည်း။ ထိရောက်သော သင်ယူမှုရလဒ်ရေးသည့်အခါ အထောက်အကူပြုနိုင်ရန် မေးခွန်းစကားလုံးများကို ပုံဖြင့်အစဖော်ထောက်ပေးရန် လိုအပ်လာနိုင်ပါသည်။ သင်ခန်းစာပြင်ဆင်သည့်အခါတွင် ထိုပုံကို မည်သည့်နေရာတွင် ထားမည်ဖြစ်ကြောင်း သင်တန်းသူ/သားတို့ကို မေးမြန်းပါ။ |
| လုပ်ဆောင်ချက် ၃.၂<br>SMART သင်ယူမှုရလဒ် ဥပမာများ | ပြီးခဲ့သည့်အပိုင်းကို ပြန်လှန်သင်ကြားသည့်အနေဖြင့် စကားပြောကွက်များကို SMART နည်းများနှင့် မှန်မှန်ကန်ကန် တွဲကြပါစေ။ ပထမတစ်ခုကို လုပ်ပြထားပါသည်။ ဤလုပ်ဆောင်ချက်ကို စစ်ဆေးအကဲဖြတ်မှုအနေဖြင့်သုံးပြီး သင်တန်းသူ/သားများအား |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | မိမိဘာသာလွတ်လပ်စွာဖြေဆိုစေနိုင်ပါသည်။ သို့မဟုတ် အုပ်စုဖွဲ့ဆွေးနွေးလျှင် ၎င်းတို့ ရွေးချယ်မှုကိုအကြောင်းပြကြပါစေ။ |
| ၂.၁.၅ သင်ယူမှုရလဒ်များ ကွဲပြားစေခြင်း | ကွဲပြားစေမှု (differentiation)၏ အဓိပ္ပါယ်ကို သင်တန်းသူ/သားတို့ နားလည်ပြီး သင်ယူသူအားလုံး၏လိုအပ်ချက်များကို ဖြည့်ဆည်းရန် အဘယ်ကြောင့်လိုအပ်ကြောင်း နားလည်ထားရန် အရေးကြီးပါသည်။ ပေးထားသည့်ဥပမာများကို ဝေမျှပါ။ ကျောင်းသူ/သားတို့အတွက် သင်ယူမှုအပေါ် ရှိလာမည့် သက်ရောက်မှုများကို ဆွေးနွေးစေပါ။ သင်တန်းသား တစ်အုပ်စုလျှင် သင်ယူမှုရလဒ်တစ်ခုစီပေးပြီး အသိသညာသစ်ကို သင်ယူမည့်သူများ၊ လေ့ကျင့်ရန်လိုသူများ၊ သင်ကြားသည့် အကြောင်းအရာကို နားလည်ပြီးသူများဟူ၍ မတူကွဲပြားသည့် သင်ယူသူအုပ်စုတို့အတွက် လုပ်ဆောင်ဖွယ်ကို ကွဲပြားစေရန် မည်သို့စီစဉ်နိုင်ကြောင်း ဆွေးနွေးကြပါစေ။ |
| ၃. တွေးခေါ်မှုလုပ်ရပ်ပြ ကြိယာများ | သင်တန်းသူ/သားများက ဘလွမ်း၏ဇယားစဉ် (Blooms Taxonomy)ကို မသိသေးလျှင် တွေးခေါ်မှုစွမ်းရည်အညွှန်းဘောင်အကြောင်း အချိန်ပေးရှင်းပြရန် လိုအပ်ပါမည်။ နောင်သင်ရိုးပိုင်းများတွင် ၎င်းအားရည်ညွှန်းမည်ဖြစ်သောကြောင့် ယခုအခါ စူးစမ်းလေ့လာပြီး အစိတ်အပိုင်းအားလုံးကို စတင်ကြည့်ရှုသင့်ပါသည်။ ကြိယာများနှင့် တွေးခေါ်မှုလုပ်ရပ်ပြ ကြိယာများအကြောင်းပြောပါ။ ယင်းတို့သည် သင်ယူမှုနှင့်မည်ကဲ့သို့ဆက်စပ်ပြီး သင်ယူမှု ဖြစ်ပွားပုံကို ဆရာ/မတို့ သိမြင်စေနိုင်ကြောင်း ဆွေးနွေးပါ။ ဥပမာ သင်ယူသူသည် **နားလည်**ရုံမျှမဟုတ်ဘဲ အသိသညာတစ်ရပ်ကို **သရုပ်ဖော်ပြ**နိုင်ပြီး သင်ယူမှုလဒ်ကို ပြည့်မီခြင်း ရှိမရှိ ဆရာ/မနှင့်သင်ယူသူတို့ စစ်ဆေးအကဲဖြတ်စေနိုင်ပါသည်။<br><br>ဘလွမ်းဇယားရှိ အတွေးအခေါ်များ၏အဆင့်များနှင့် တြိဂံအထက်ပိုင်းသို့ ရောက်သည့်အခါ ကျွမ်းကျင်မှုတိုးမြင့်လာပုံကိုဆွေးနွေးပါ။<br><br>မကြာသေးမီက သင်တန်းသားများ သင်ကြားထားသည့် သင်ခန်းစာတစ်ခုအကြောင်းကို သင်တန်းသားစာအုပ်တွင်ပေးထားသည့်စာရင်းဖြင့် တွေးစေကာ တပည့်များအား ၎င်းတို့ သုံးခိုင်းသည့် ကျွမ်းကျင်မှုများနှင့် ချိတ်ဆက်ကြပါစေ။ |
| လုပ်ဆောင်ချက် ၃.၃ ဘလွမ်းအတွေးအခေါ်ဇယားကို အသုံးပြုခြင်း | ဤလုပ်ဆောင်ချက်တွင် တွေးခေါ်မှုလုပ်ရပ်ပြကြိယာများပါသည့် လုပ်ဆောင်ချက်နှင့် ဘလွမ်းဇယားစဉ်မှ အပိုင်းများကို သင်တန်းသူ/သားတို့ မှန်မှန်ကန်ကန် တွဲပေးရန် ဖြစ်သည်။ ပထမတစ်ခုကို လုပ်ပြထားပါသည်။ မည်သူကမှန်ကန်စွာတွဲနိုင်ကြောင်း သိရှိနားလည်စေရန် စစ်ဆေးအကဲဖြတ်နည်း တစ်ရပ်အနေဖြင့် သုံးနိုင်ပါသည်။ သင်တန်းသားများ အခက်ကြုံလျှင် အတန်းဖော်များနှင့် တွဲလုပ်စေပြီး ယခင်အပိုင်းမှ စံနမူနာကို အသုံးပြုလျက် အဖြေများ ရှင်းပြကြပါစေ။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| လုပ်ဆောင်ချက် ၃.၄ - အသင့်တော်ဆုံး သင်ယူမှုရလဒ်ကို ရွေးချယ်ခြင်း | တစ်တန်းလုံးသင်ကြားပြီးနောက် စာဖတ်မှုအကြိုလုပ်ဆောင်ချက် (သို့) နောက်ဆက်တွဲ လုပ်ဆောင်ချက်အနေဖြင့် ဘလန်ချတ်နှင့်ဂျွန်ဆန် (၁၉၈၁)တို့၏ ဆောင်းပါးမှ SMART သင်ယူမှုရလဒ်များအကြောင်းကို သင်တန်းသားများ ဖတ်ထားကြပါစေ။ ၎င်းကို ဤ သင်ရိုးပိုင်း နောက်ဆက်တွဲ ၁ တွင် တွေ့နိုင်ပါသည်။<br><br>မည်သို့သောသင်ယူမှုရလဒ်သည် ကောင်းမွန်ကြောင်းကို သင်တန်းသူ/သားတို့ ယခု ပိုမို နားလည်လာကြပါမည်။ နောက်လုပ်ဆောင်ချက်တွင် သင်ယူသူများအတွက် အသင့် တော်ဆုံး သင်ယူမှုရလဒ်ကို ရွေးချယ်ရမည့် အနေအထားများ ပေးထားပါသည်။ သင်တန်းသူ/သားများ မိမိကိုယ်မိမိယုံကြည်စိတ်ချလာလျှင် အချို့သည် ပေးထားသည့် အနေအထားအတွက် ၎င်းတို့၏ သင်ယူမှုဦးတည်ချက်ကို ရေးသားကာ အကြောင်းပြနိုင် ပါသည်။ |
| ပြန်လည်သုံးသပ်ပြီး မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း | ပြန်လည်သုံးသပ်မှုအကြောင်းစာဖတ်ချိန်ပေးပြီး သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြ ပါစေ။ သင်ရိုးပိုင်းမှ ၎င်းတို့ မှတ်သားခဲ့သည့် အဓိကအချက်များကို ရေးချစေနိုင်ပါသည်။ ဤနေရာတွင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ရန် အခွင့်သာပြီဖြစ်ကာ သင်ရိုးပိုင်းအစ စစ်ဆေးအကဲဖြတ်မှုနှင့် နှိုင်းယှဉ်ကြပါစေ။ |
| လုပ်ဆောင်ချက် ၃.၆ အဆင့်ဆင့်သင်ယူမှုအတွက် မိမိကိုယ်မိမိစစ်ဆေး အကဲဖြတ်ခြင်း | အဆင့်ဆင့်သင်ယူမှုကို မည်သို့နားလည်ကြောင်း သင်တန်းသူ/သားများအား မေးမြန်းပါ။ ၎င်းတို့ စဉ်းစားရန်မလိုဘဲ လုပ်လိုက်သည့် လုပ်ဆောင်ချက်များအကြောင်းတွေးကြပါစေ။ ထိုကျွမ်းကျင်မှုကို မည်သို့သင်ယူခဲ့ပါသနည်း။ သင်တန်းသားစာအုပ် ၄.၁ (အချိန် ပြောနည်း လေ့လာခြင်း)မှ အဆင့်များကို ဖြတ်ထုတ်ကာ သင်တန်းသူ/သားတို့ အတူတစ်ကွ ပြန်စီကြပါစေ။ ဤလုပ်ဆောင်ချက်ကို တပည့်များ စာသင်ခန်းတွင်း သင်ယူပုံနှင့် ဆက်စပ်ခိုင်းပါ။ |
| လုပ်ဆောင်ချက် ၃.၇ - အဆင့်ဆင့်သင်ယူမှုကို စမ်းသပ်လုပ်ဆောင်ခြင်း | သင်တန်းသူ/သားများအား ဗီဒီယိုတစ်ကားကြည့်ရန် ရွေးချယ်စေပြီး အဆင့်ဆင့် သင်ယူနည်းအစဉ်ဖြင့် လုပ်ဆောင်ချက် တစ်ခုကိုလုပ်ခိုင်းပါ။ သင်ယူသူတစ်ဦးအနေဖြင့် ဤသို့လုပ်ဆောင်ရာတွင် မည်သို့ခံစားရကြောင်း၊ သင်ယူသူများအတွက် လုပ်ဆောင်ချက်၊ ကျွမ်းကျင်မှုနှင့်အသိပညာတစ်ခုခုကို အဆင့်ဆင့် ခွဲခြမ်းရာတွင် ဂရုတစိုက်တွေးတောရန် လိုကြောင်း စဉ်းစားကြပါစေ။ အဆင့်ဆင့်လုပ်ဆောင်ခြင်းသည် သင်ယူမှုအပေါ်၊ လုပ်ဆောင်ချက်အောင်မြင်မှုအပေါ်နှင့် သင်ယူသူများကိုယ်တိုင် ၎င်းတို့၏ တိုးတက်မှုနှင့် ပေါက်မြောက်အောင်မြင်မှုကို စစ်ဆေးအကဲဖြတ်နိုင်မှုအပေါ် မည်သို့သက်ရောက်မှု ရှိမည်ဖြစ်ကြောင်း မေးမြန်းပါ။ |
| လုပ်ဆောင်ချက် ၃.၈ - ကျွမ်းကျင်မှုအသစ် လေ့လာရာတွင် အဆင့်ဆင့်စီစဉ်ခြင်း | သင်တန်းသူ/သားတို့အနေဖြင့် အဆင့်များကို ၁-၇ တိုင် အစဉ်အတိုင်း စီနိုင်ပါမည်။ ဆရာ/မတို့သင်ကြားသည့် ဘာသာရပ်တစ်ခုအကြောင်း ဦးဆောင်ဆွေးနွေးပါ။ အသစ်လေ့လာထားမှုကြောင့် နောင်အခါ သင်ခန်းစာထပ်မံသင်ကြားရာတွင် တိုးတက်နိုင်ပုံကို ဆွေးနွေးပါ။ |
| နိဂုံး | သင်ရိုးပိုင်းနှင့် အဓိကအချက်များ စုစည်းခိုင်မာစေခြင်း - လုပ်ဆောင်ချက်မရှိပါ။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| သင်ရိုးပိုင်း ၃- အဆုံးသတ် ပဟေဠိ | သင်ရိုးပိုင်းကို သင်တန်းသူ/သားတို့ နားလည်မလည် စစ်ဆေးသော အဖြေမှန်ရွေးရသည့် မေးခွန်းလွှာဖြစ်ပါသည်။ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ရန်နှင့် ရာနှုန်းပြည့် အဖြေမှန် ရအောင် လိုအပ်သလို အကြိမ်ကြိမ်ဖြေဆိုရန် အားပေးပါ။ |
| သင်ရိုးပိုင်း ၃ - အဆုံးသတ် ပဟေဠိ အဖြေ | ရာနှုန်းပြည့်မှန်သည့်တိုင်အောင် သင်တန်းသူ/သားတို့က မေးခွန်းများကို ပြန်ဖြေသင့်ပါသည်။ အချို့မေးခွန်းများမှာ အဖြေတစ်ခုထက်ပိုရှိကြောင်း သတိပေးပါ။ |
| လုပ်ဆောင်ချက် ၃.၉ - မိမိကိုယ်တိုင်၏ သင်ကြားရေး အလေ့အကျင့် တိုးတက်စေခြင်း | ဤလုပ်ဆောင်ချက်မှ သင်တန်းသူ/သားများ စဉ်းစားစရာ အခင်းအကျင်းတစ်ခု ပေးထားပါသည်။ ဌာနမှူးပေးသည့် အဆိုနှစ်ခုကို ဖြည့်ရပါမည်။ သင်တန်းသူ/သားတို့ နှစ်ယောက်တွဲ သရုပ်ဆောင်စေပြီး အတန်းတွင်ပြန်ပြောပြကြရန်။ အဖြေပေးသည့်အခါ မည်မျှယုံကြည်စိတ်ချကြောင်းမေးမြန်းပါ။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါစေ။ |
| မိမိကိုယ်မိမိ စစ်ဆေး အကဲဖြတ်ခြင်း | မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်းက ပထမစစ်ဆေးအကဲဖြတ်မှုအတိုင်း ဖြစ်ပါသည်။ သင်တန်းသူ/သားများအား မိမိကိုယ်ကိုယုံကြည်စိတ်ချမှုကို ပြန်လည်သုံးသပ်စေပြီး အမှတ်ချင်း နှိုင်းယှဉ်ကြည့်ကြပါစေ။ |
| တတိယကတိ | သင်ရိုးပိုင်း ၃ မှ တတ်မြောက်သွားသည့် အချက်တစ်ချက်ကို တွေးစေပြီး မည်သည့်အရာကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း တပည့်များအား သင်တန်းသူ/သားများက ကတိကဝတ်ပြုကြပါစေ။ ထိုကတိအား သုံးသပ် အကဲဖြတ်စေပြီး (သီတင်းပတ်---ပတ်ပြီးနောက်) ပြောင်းလဲမှုများကိုမှတ်သားစေပါ။ ပြောင်းလဲမှုက သင်ကြားသင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့်ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သို့ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်လည် သုံးသပ်ကြပါစေ။ ဤအချက်သည် လက်တွေ့လုပ်ဆောင်မှုသုတေသန စက်ဝန်း၏အစကို ထင်ဟပ်ပြီး နောက်သင်ရိုးပိုင်းများတွင် ဖွံ့ဖြိုးမှုအတွက် ဆင့်ပိုးတည်ဆောက်ရန် အစဉ်မပြတ် ဆက်လက်ရေးဆွဲသွားမည့် လုပ်ငန်းအစီအစဉ်တစ်ရပ်ကို ဖန်တီးစေနိုင်ပါမည်။ သင်တန်းသူ/သားများအား သင်ယူမှုဂျာနယ်တွင် 'ကတိများ'ဟူသည့် အပိုင်းတစ်ခု ထားကြရန် အားပေးပါ။။ စုစုပေါင်း ကတိ ၁၅ ခုရှိပါမည်။ |

## သင်ရိုးပိုင်း ၃ - အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးမည်း**ဖြင့်ပေးထားသည်

မေးခွန်း ၁ - အဘယ်ကြောင့် (SMART) သင်ယူမှုဦးတည်ချက်ကောင်းများ ရေးသားရန်လိုအပ်ပါသနည်း။ (အဖြေ ၃ ခု ရွေးပါ)

က. မိမိတို့သင်ခန်းစာအစီအစဉ် အရေးကြီးသည်ဟု ထင်ကြစေရန်

**ခ. ထိရောက်သောသင်ခန်းစာကို လွယ်လင့်တကူပြင်ဆင်နိုင်ရန်**

ဂ. မိမိတို့ ထိုသို့လုပ်ရန် အခြားသူများက မျှော်လင့်ထားကြသောကြောင့်

**ဃ. မိမိတို့၏သင်ယူသူများ သင်ခန်းစာရည်ရွယ်ချက်နှင့်သင်ယူမှုလုပ်ဆောင်ချက်များကို နားလည်စေရန်**

**င. စစ်ဆေးအကဲဖြတ်ရေးအတွက် ရှင်းလင်းသည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်**

*ရှင်းလင်းချက်*

ကောင်းမွန်သည့်သင်ယူမှုဦးတည်ချက်ကို အချိန်ယူရေးခြင်းဖြင့် သင်ခန်းစာ စီစဉ်ရန်ပိုမိုလွယ်ကူစေပြီး သင်ခန်းစာလည်း ပိုမိုထိရောက်လာပါမည်။ မိမိတပည့်များက မိမိတို့ဘာမျှော်မှန်းထားကြောင်း၊ ၎င်းတို့ အဘယ်ကြောင့် သင်ယူနေကြောင်းတို့ကို နားလည်သွားပါမည်။ တပည့်များသည် ရလဒ်များကို အောင်မြင်စွာ ရရှိခြင်းရှိမရှိ စစ်ဆေးခြင်းဖြင့် သိမြင်စေပါမည်။

မေးခွန်း ၂ - SMART ဟူသည်အဘယ်နည်း။

က. Specific, meaningful, assessed, realistic, transferable

**ခ. Specific, measurable, achievable, relevant, timed**

ဂ. Summary, managed, achievable, reliable, teachable

ဃ. Student-focused, monitored, active, relevant, timed

*ရှင်းလင်းချက်*

ရလဒ်ဟူသည်မှာ သင်ခန်းစာအတွက် အတိအကျ(**S**pecific)ဖြစ်ပြီး၊ သင်ယူမှုကို လေ့လာသုံးသပ်စေနိုင်ရန် တွေးခေါ်မှု လုပ်ရပ်ပြ ကြိယာတစ်ခုသုံးခြင်းဖြင့် တိုင်းတာနိုင်(**M**easurable)သည်။ ကလေးအားလုံးအတွက် အောင်မြင်မှုရရှိ (**A**chievable) စေနိုင်သည်။ အသေးစိတ်များများစားစားရေးမထားဘဲ ကျောင်းသူ/သားများဘဝနှင့်လည်း ဆီလျော် (**R**elevant) ပြီး သင်ခန်းစာ အပြီးတွင် ကျောင်းသူ/သားများ မည်သည်ကိုလုပ်နိုင်မည်မှန်း အချိန်ကိုက် (**T**imed)ပြောကြားခြင်းဟူသည့် အခြင်းအရာများ ရှိသင့်ပါသည်။

မေးခွန်း ၃ - အတန်းထဲမှ သင်ယူသူအားလုံးအတွက် သင်ယူမှုရလဒ်ကို မည်သို့ရေးနိုင်ပါမည်နည်း။

**က. 'သင်ယူသူအားလုံး'၊ 'သင်ယူသူအများစု'နှင့် 'သင်ယူသူအချို့'ဟူသည့် ဝေါဟာရများသုံးပြီး သင်ယူမှုရလဒ်ကိုရေးပါ။**

**ခ. သင်ယူသူအချို့အတွက် အလွန်လွယ်ကူသော်လည်း သင်ယူသူအားလုံးရရှိနိုင်သည့်ရလဒ်ကိုရေးပါ။**

ဂ. သင်ယူမှုရလဒ်သည် သင်ယူသူအားလုံးအတွက် မဆီလျော်ပါက သင်ယူမှုရလဒ်ရှိရန် မပူပန်ပါနှင့်။

*ရှင်းလင်းချက်*

'သင်ခန်းစာအဆုံးတွင်သင်ယူသူအားလုံး'ကို အတန်းတွင်းရှိသင်ယူသူတိုင်း အောင်မြင်စွာရရှိနိုင်သည့် ရလဒ်များအတွက် အသုံးပြုပါသည်။ 'သင်ခန်းစာအဆုံးတွင်သင်ယူသူအများစု'ကို စာပိုရသည့် သင်ယူသူများ အောင်မြင်စွာရရှိနိုင်သည့် ရလဒ်အတွက် အသုံးပြုပါသည်။ 'သင်ခန်းစာအဆုံးတွင်သင်ယူသူအချို့'ကို စာအရဆုံး ကလေးများ အောင်မြင်စွာရရှိနိုင်သည့် ရလဒ်အတွက် အသုံးပြုပါသည်။

မေးခွန်း ၄ - တိုင်းတာနိုင်သောသင်ယူမှုဦးတည်ချက်ရေးရန်မည်သည်ကို သုံးသင့်ပါသနည်း။
က. 'သိရန်'ဟူသည့်ကြိယာ
ခ. 'နားလည်ရန်'ဟူသည့်ကြိယာ
**ဂ. တွေးခေါ်မှုလုပ်ရပ်ပြကြိယာများ**

*ရှင်းလင်းချက်*
သင်ယူသူများတစ်ခုခုကို သိမသိ၊ နားလည်မလည် ကျွန်ုပ်တို့မမြင်နိုင်ပါ။ သူတို့၏ ဦးနှောက်အတွင်းကို ထိုးထွင်းမမြင်နိုင်ပါ။ မမြင်ရသည့်အရာကို တိုင်းတာရန် ခက်ခဲပါသည်။ မိမိတို့က တွေးခေါ်မှုလုပ်ရပ်ပြကြိယာများကို သုံးခဲ့လျှင် သင်ယူသူများ၏ လုပ်ဆောင်ချက်ကိုသော်လည်းကောင်း၊ လုပ်ဆောင်ချက်၏ရလဒ်ကိုသော်လည်းကောင်း တွေ့မြင်နိုင်ပါသည်။ မြင်ရလျှင် တိုင်းတာနိုင်ပါသည်။

မေးခွန်း ၅ - ဘလွမ်း၏ဇယားရှိ အမြင့်ပိုင်းအတွေးအခေါ်မှ တွေးခေါ်မှုလုပ်ရပ်ပြကြိယာများကို သုံးခြင်းဖြင့်
က. သင်ယူသူများ ပိုမိုမှတ်မိစေရမည်။
**ခ. သင်ယူသူများ ပိုမိုတွေးတော၊ ပိုမိုပါဝင်လုပ်ဆောင်ပြီး ၎င်းတို့သင်ယူမှုတွင် ပိုမိုတက်ကြွစွာပါဝင်လာရမည်။**
ဂ. သင်ယူသူများကိုယ်တိုင် ကြိုးစားသင်ယူရမည်။

*ရှင်းလင်းချက်*
အမြင့်ပိုင်းအတွေးအခေါ်များဖြစ်သည့် ပိုင်းခြားစိတ်ဖြာခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ ဖန်တီးခြင်းတို့သည် မှတ်မိခြင်း၊ နားလည်ခြင်းတို့ထက် ပိုမိုစဉ်းစားတွေးခေါ်ရန်လိုအပ်ပါသည်။ သင်ယူသူများပိုမိုတွေးခေါ်ကြသည့်အခါ သင်ယူမှု လုပ်ဆောင်ချက်တွင် ပိုမို ပါဝင်လာရပါသည်။ ပိုမိုပါဝင်လာလေလေ၊ ပိုမိုသင်ယူပြီး မှတ်မိလေလေဖြစ်သည်။

မေးခွန်း ၆ - လုပ်ဆောင်စရာတစ်ခု၊ ကျွမ်းကျင်မှုတစ်ခု (သို့) အသိပညာတစ်စုံတစ်ရာကို အဆင့်ဆင့်သင်ယူနိုင်အောင် ခွဲခြမ်းစိတ်ဖြာပေးခြင်း (ပိုင်းခြားစိတ်ဖြာလေ့လာချက်)ဖြင့် သင်ယူသူများအတွက် အထောက်အကူပြုနိုင်ခြင်းမှာ (အဖြေ ၃ ခု ရွေးပါ)
**က. နောက်တစ်ဆင့်ဆက်မသွားမီ သင်ယူသူများ တစ်ဆင့်စီလုပ်နိုင်ရန် သေချာစေသောကြောင့်**
**ခ. သင်ယူသူများသည် တစ်ကြိမ်လျှင် တစ်ဆင့်စီ အာရုံစိုက်နိုင်သောကြောင့်**
ဂ. သင်ယူသူများအား လေ့လာစရာ လုပ်စရာ များစွာပေးနိုင်သောကြောင့်
**ဃ. တစ်ဆင့်စီကို ပေါက်မြောက်အောင်မြင်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်နိုင်သောကြောင့်**
င. သင်ယူသူများအား ပိုမိုစစ်ဆေးနိုင်သောကြောင့်

*ရှင်းလင်းချက်*
သင်ယူသူများသည် နောက်တစ်ဆင့်ဆက်သွားရန် ယုံကြည်စိတ်ချမှုရှိသည်အထိ တစ်ဆင့်ချင်းလေ့ကျင့်နိုင်ပါသည်။ မည်သည့်အဆင့်က သင်ယူသူများအတွက် ပိုမိုခက်ခဲကြောင်း ဆရာ/မက ကြည့်ပြီး ပိုမိုလေ့ကျင့်စေနိုင်ပါသည်။

မေးခွန်း ၇ - လုပ်ဆောင်စရာတစ်ခု၊ ကျွမ်းကျင်မှုတစ်ခု (သို့) အသိပညာတစ်စုံတစ်ရာတို့အား အဆင့်ဆင့် ခွဲခြမ်းစိတ်ဖြာရာတွင် (ပိုင်းခြားစိတ်ဖြာလေ့လာချက်) မိမိတို့ လုပ်ဆောင်ရန်မှာ
က. လုပ်ဆောင်ချက်ပြီးအောင် မည်သို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း စဉ်းစားပြီး အားလုံးရေးချခြင်း

**ခ. လုပ်ဆောင်ချက်ပြီးအောင်မည်သို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း စဉ်းစား၊ အားလုံးရေးချပြီး လုပ်ဖွယ်အဆင့်ဆင့်စာရင်းကို စမ်းသပ်စစ်ဆေးကာ မေ့သွားသည်များရှိမရှိ ဂရုတစိုက်စောင့်ကြည့်ခြင်း**

ရှင်းလင်းချက်

တစ်ဆင့်ချင်းလုပ်ခြင်းကြောင့် သင်ယူသူများသည် တစ်ကြိမ်လျှင်အဆင့်တစ်ဆင့်သာ တွေးတောအာရုံစိုက်နိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့၏အလုပ်လုပ်နေသည့် မှတ်ဉာဏ်အတွက် လုပ်စရာများစွာမရှိပါ။ တစ်စုံတစ်ခုကိုလုပ်တတ်သွားလျှင် သင်ယူမှုအဆင့်ငယ် တစ်ဆင့်ချင်းစီကိုတွေးရန် ခဲယဉ်းသွားပါသည်။ မိမိတို့တွေးစရာမလိုဘဲ အဆင့်များစွာ လုပ်ဆောင်သွားနိုင်ပါသည်။ သင်ယူမှုကို တစ်ဆင့်ချင်းခွဲသည့်အခါ အဆင့်များအစဉ်ကို စစ်ဆေးရန် အရေးကြီးပါသည်။ တစ်စုံတစ်ယောက်ကို ထိုအစဉ်အတိုင်း တစ်သဝေမတိမ်းလုပ်ဆောင်စေပြီး မည်သည့်အဆင့်များကို သင် လွတ်သွားကြောင်း ဂရုတစိုက်စောင့်ကြည့်ပါ။